**အကြောင်းအရာ – ကမ္ဘာ့ဒုက္ခသည်များနေ့အထိမ်းအမှတ် : ခက်ခဲကြမ်းတမ်းသောအခြေအနေများအတွင်း နေရပ်မှဝေးကွာချိန်တွင်းမျှော်လင့်ခြင်း**

ဒုက္ခသည်များဆိုင်ရာကူညီဆောင်ရွက်နေကြသောမိတ်ဆွေများနှင့်အသင်းအဖွဲ့များခင်ဗျား

မကြာမှီယခု ဇွန်လ ၂၀ရက်နေ့၂၀၂၃ခုနှစ်တွင် ကမ္ဘာ့ဒုက္ခသည်များနေ့ကျရောက်မည်ဖြစ်ပါသည်။ ကျနော်၊ တင်မိုသီမိုးနှင့် TBC မှဝန်ထမ်းများအားလုံးတို့အနေဖြင့်ယခုကဲ့သို့ ခက်ခဲကြမ်းတမ်းသောအခြေအနေမျိုးကို ရဲဝန့်စွာနှင့် အားမန်အပြည့်ဖြင့် ဆက်လက်ဖြတ်သန်းနေကြသောဒုက္ခသည်များအားလုံးကိုအသိအမှတ်ပြုလိုပါသည်။ ယခုနှစ်အတွက်ဆောင်ပုဒ်မှာ "နေရပ်မှဝေးကွာချိန်တွင်းမျှော်လင့်ခြင်း" လို့အမည်ရပါသည်။ ယခုဆောင်ပုဒ်သည် လက်ရှိဖြစ်ပေါ်နေသောပဋိပက္ခများ ၂၀၂၁ခုနှစ် ဖေဖေါ်ဝါရီလ ၁ရက်နေ့တပ်မတော်မှနိုင်ငံတော်အာဏာသိမ်းပြီး သည့်နောက်ပိုင်းမှစတင်ပြီးပိုမိုဆိုးရွားလာသော လူ့အခွင့်အရေးဖောက်ဖျက်မှုများနှင့်ပတ်သက်၍လွန်စွာအရေးပါ သည့်ဆောင်ပုဒ်တခုဖြစ်ပါသည်။

TBC အနေဖြင့်ဒုက္ခသည်များနှင့်တသွေးတသားတည်း ရပ်တည်ပြီးအားလုံးဖြတ်သန်းခံစားနေရသော အခက် အခဲများ တို့ကို အသိအမှတ်ပြုလိုပါသည်။ ကျနုပ်တို့အားလုံး မြန်မာနိုင်ငံတွင်းဖြစ်ပွားနေသော ပဋိပက္ခများ ကြောင့်မိမိ နေရပ်၊ ချစ်ရသူများနှင့် အရာအားလုံးတို့ကိုစွန့်ခွာခဲ့ရပါသည်။ ဒုက္ခသည်များ အယောက်စီ တိုင်းရင်ဆိုင်ကြုံတွေ့ခဲ့ရ သောမတရားမှုများ၊ ဘဝဒဏ်ရာများအားလုံးတို့ကိုမျှဝေခံစားပါသည်။

သို့သော်လည်းယခုကဲ့သို့သော ခက်ခဲသောအခြေအနေများအတွင်းမျှော်လင့်ခြင်းအလင်းရောင်သည်အစဉ် တောက်ပလျက်ရှိပါသည်။ ယခုတွင်ဒုက္ခသည်စခန်းများတွင် တတိယနိုင်ငံသို့သွားရောက်အခြေချနေထိုင်မှု အစီအစဉ်များကို ပြန်လည်စတင်ဖွင့်လှစ်ခြင်းသည် အနာဂါတ်အတွက်ပိုမိုထွန်းပလာမည့်မျှော်လင့်ခြင်း၏ ရောင်ခြည်တခုဖြစ်ပါသည်။ ထို့အတွက်ကျွန်ုပ်တို့အနေဖြင့်ဝမ်းမြောက်မိပါသည်။ ဤအခွင့်အရေးသည် များစွာသောဒုက္ခသည်တို့အတွက် မိမိတို့၏ဘဝသစ်ကို လူ့အခွင့်အရေးပြည့်ဝစွာ၊ လုံခြုံစွာ၊ ပြန်လည်စတင် နိုင်ရေးအတွက်ကြီးမားသောဖြစ်နိုင်ခြေတခုဖြစ်ပါသည်။ ဤအခွင့်အရေးကိုယခုအချိန်တွင်မရရှိသေး သော ဒုက္ခသည်များအတွက် TBC အနေဖြင့်ဆက်လက် ကူညီလက်တွဲ လုပ်ဆောင်နေမည်ဖြစ်ပြီး နောင်လာမည့် အနာဂါတ်ကောင်းတခုကိုအတူတကွကြိုးစားရှာဖွေနေမည်ဖြစ်သည်။

ယခုကျရောက်မည့်ကမ္ဘာ့ဒုက္ခသည်များနေ့သည် မျှော်လင့်ခြင်းအသစ်များကိုအသိအမှတ်ပြုပြီး ဒုက္ခသည်များ၏ ဘဝခရီးလမ်းအတွက် ကူညီရန်ပြုထားခဲ့သောမိမိတို့၏ကတိကဝတ်များကိုပြန်လည်ဆန်းစစ်ရန် အချိန်လည်းဖြစ်ပါသည်။ TBC အနေဖြင့် လိုအပ်သောဝန်ဆောင်မှုများကိုပေးခြင်း၊ လူ့အခွင့်အရေးဆိုင်ရာထောက် ပံ့မှုများနှင့် လူတန်းစေ့နေထိုင်နိုင်ရန် အခွင့်အလမ်းများရရှိနိုင်ရန်အတွက် ဒုက္ခသည်များနှင့်အစဉ်တစိုက် အတူတကွ ပူးပေါင်းလုပ်ဆောင်ရန်လိုလားပါသည်။ TBC အနေဖြင့်ဒုက္ခသည်လူမျိုးစုဝင်များအနေဖြင့်မိမိတို့၏ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများကိုထိမ်းသိမ်းထားခြင်းသည် လွန်စွာအရေးပါသည်ကိုနားလည်ပြီးအယောက်စီတိုင်းတို့၏ မတူညီသောရိုးရာယဉ်ကျေးမှုအခမ်းအနားများတို့ကိုပါဝင်ဆင်နွဲ၊ လျက်ရိုသေလေးစားမှုပြုနေမည်ဖြစ်သည်။

ကမ္ဘာ့ဒုက္ခသည်များနေ့သည်တယောက်ချင်းစီအတွက်မိမိတို့၏ဘဝအတွေ့အကြုံများကိုဝေမျှရန်အခွင့်အလမ်း ကောင်းတခုဖြစ်သည်ကို သိရှိထားရန်လိုအပ်ပါသည်။မိမိတို့၏ဘဝအတွေ့အကြုံများကိုဝေမျှခြင်းသည်အခြားသူများ အနေဖြင့်ဒုက္ခသည်များကိုပိုမိုနားလည်လာနိုင်စေရန်နှင့်ကိုယ်ခြင်းစာတတ်လာစေရန်လမ်းခင်းပေးခြင်းကဲ့သို့ဖြစ်ပါ သည်။ ဤကဲ့သို့အတူတကွ လုပ်ဆောင်ခြင်းဖြင့် ဒုက္ခသည်ဆိုသည့်လူသားတဦးစီအပေါ်ရှိနေသောမှားယွင်းသောအ မြင်များကိုပယ်ဖျောက်နိုင်ပြီး ဒုက္ခသည်တဦးစီတိုင်းသည်ဂုဏ်သိက္ခာရှိစွာ၊ ရိုသေလေးစားစွာနှင့်အကြင်နာတရား ဖြင့် ဆက်ဆံခံရသော လောကလူ့ဘောင်သစ်ကိုအတူတကွဆောက်တည်နိုင်မည်ဖြစ်ပါသည်။

ယခုကျရောက်မည့်ကမ္ဘာ့ဒုက္ခသည်များနေ့ကိုကျင်းပရာတွင်ကျနော်တို့အနေဖြင့်တဦးနှင့်တဦးဖေးမကူညီပြီးတဦးထံမှခွန်အားကို အခြားသူထံသို့မျှဝေရန်ပြောလိုပါသည်။ဒုက္ခသည်တဦးစီ၏စိတ်ဓါတ်၊သတ္တိ၊အံ့ဩဖွယ်ရာခံနိုင်ရည်တို့ သည်အားလုံးအတွက် စိတ်ဓါတ်တက်ကြွလာစေသည့်လှုံ့ဆော်မှုတခုဖြစ်ပါသည်။ ယခုချမှတ်ထားသော နေရပ်မှဝေးကွာနေသော်လည်း မျှော်လင့်ချက် ပြည့်ဝစွာရှိနေမည့် မကြာမှီအနာဂါတ်သည်လက်တွေ့ဖြစ်လာမည့် တနေ့အတွက် TBC အနေဖြင့်လူ့အခွင့်အရေး များကိုအကာအကွယ်ပေးခြင်း၊ ထောက်ပံ့ကူညီမှုများပေးခြင်းနှင့် ဒုက္ခသည်တဦးစီ၏အိပ်မက်များ၊ မျှော်လင့်ချက်များကို အကောင်အထည်ဖေါ်နိုင်မည့် ဘဝလမ်းကြောင်းတခုကိုခင်းနိုင် ရန်ဆက်လက်ဆောင်ရွက်နေမည်ဖြစ်ပါသည်။

TBC ၏ကိုယ်စား၊ ယခုကဲ့သို့လက်တွဲလုပ်ဆောင်ခွင့်နှင့်ယုံကြည်မှုရရှိသည်ကိုလွန်စွာဂုဏ်ယူကြောင်းပြောလို ပါသည်။ ယခုကဲ့သို့အတူတကွပူးပေါင်းလုပ်ဆောင်ခြင်းဖြင့် ပိုမိုတောက်ပသောအနာဂါတ်တွင် ဒုက္ခသည်တဦးစီ အနေဖြင့်မိမိအိမ်ဟု ခေါ်ဆိုနိုင်မည့် လုံခြုံသော၊ငြိမ်းချမ်းသော ကမ္ဘာတခုကိုတည်ဆောက်နိုင်ရန်ဆန္ဒပြုလိုပါသည်။

အားလုံးအတွက်အဓိပ္ပါယ်နှင့်ပြည့်ဝသော၊ ခွန်အားဖြစ်စေနိုင်သော ကမ္ဘာ့ဒုက္ခသည်များနေ့ဖြစ်ပါစေ။
လေးစားစွာဖြင့်

Timothy Moore

Acting Executive Director

The Border Consortium (TBC)